# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄၂ / ၂၀၂၂)　　　　　　　　၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၂၇) ရက်

| ၂၇-၁၀-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၁၀၈.၄ |
| စင်္ကာပူဒေါ်လာ | ၁၄၉၀.၁ |
| စတာလင်ပေါင် | ၂၄၂၈.၄ |
| ဂျပန်ယန်း (၁၀၀) | ၁၄၃၄.၆ |
| တရုတ်ယွမ် | ၂၉၀.၁၈ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၇.၅၅ |
| အိန္ဒိယရူပီး | ၂၅.၄၆၃ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၇.၇၁ |
| မလေးရှားရင်းဂစ် | ၄၄၅.၃၉ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၉၉၅ |
| ထိုင်းဘတ် | ၅၅.၄၈၉ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၄၅၂၄ |


လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ တရုတ်ဈေးကွက်အတွက် ထုပ်ပိုးမှုပြုပြင်ထားသည့် ထိုင်းအုန်းသီးအမယ်သစ်အား ဝယ်လိုအား ပိုမိုမြင့်မားလာ

➢ အိန္ဒိယစားသုံးသူရေးရာဌာနက တင်သွင်းလာသော ပဲစဉ်းငုံများအတွက် ပုံသေဈေးနှုန်းများကို အောက်တိုဘာလ ၁၈ ရက်နေ့မှ စတင်သတ်မှတ်လိုက်ပြီဖြစ်

- **အထွေထွေသတင်းများ**

➢ တရုတ်နိုင်ငံ၏ အစားအသောက် လုပ်ငန်းအချို့တွင် အစားအသောက်ဘေးကင်းရေးအရာရှိများကို ခန့်အပ်ရန် လိုအပ်ချက်နိုးဆော်

➢ တရုတ်နိုင်ငံ၏ ဆေးဝါး အီး-မှတ်ပုံတင်လက်မှတ်များကို နို၀င်ဘာလမှ စတင်ထုတ်ပေးမည်ဖြစ်

➢ တရုတ်နိုင်ငံ၏ အစားအသောက် အရည်အသွေးနှင့် ဘေးကင်းရေးဆိုင်ရာ စည်းမျဉ်းများ၂၀၂၃ ခုနှစ် မတ်လတွင် စတင်အသက်ဝင်မည်

➢ တရုတ်နိုင်ငံ၏ CCC စီမံခန့်ခွဲမှုတွင် အီလက်ထရွန်နစ်နှင့် လျှပ်စစ်ထုတ်ကုန် အမျိုးအစားကိုးမျိုး မပါဝင်တော့ကြောင်းထုတ်ပြန်

➢ တရုတ်နိုင်ငံ၏ ဉာဏပစ္စည်းမှုပိုင်ခွင့် တရားစီရင်ရေးဆိုင်ရာ အကာအကွယ်တိုးမြှင့်

➢ တရုတ်နိုင်ငံသည် တန်ဖိုး-မြင့်တင်ထုတ်လုပ်မှုတွင် ကမ္ဘာလုံးဆိုင်ရာ ပထမအဆင့်ဖြစ်

- တရုတ်နိုင်ငံ၏ အစားအသောက်ပေးပို့သော အော်ပရေတာများက စားသုံးသူများအကြောင်း ပိုမိုသိရှိ
- အီးယူဒေသတွင်း စွမ်းအင်ကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း
- ဂျာမန်လွှတ်တော်က စွမ်းအင်ဆိုင်ရာထောက်ပံ့မှုအစီအစဉ်ကို အတည်ပြုခြင်း
- ဂျာမနီနိုင်ငံရှိ စားသောက်ကုန်လုပ်ငန်းများ အခြေအနေ

## တရုတ်ဈေးကွက်အတွက် ထုပ်ပိုးမှုပြုပြင်ထားသည့် ထိုင်းအုန်းသီးအမယ်သစ်အား ဝယ်လိုအား ပိုမိုမြင့်မားလာ

စက္ကူပုံးသေတ္တာများတွင် ထည့်သွင်းထုပ်ပိုးလေ့ရှိသော စိန်ပုံသဏ္ဌာန်ဖြတ်ထားသည့် လတ်ဆတ်အုန်းသီးများနှင့် နှိုင်းယှဉ်ပါက စက္ကူပုံးအစား ပိုက်ကွန်အိတ်ကို အသုံးပြုထားကာ ပိုမို ပါးလွှာအောင် အခွံသင်ထုတ်လုပ်ထားသည့် လတ်ဆတ်အုန်းသီးအား တရုတ်နိုင်ငံမှ ဝယ်လိုအား ပိုမိုရှိလာသည်ဟု သိရပါသည်။ ၎င်းထုပ်ပိုးမှုပုံစံအသစ်မှာ ပုံမှန်စိန်ပုံစံ အုန်းသီးထက် ဈေးနှုန်း ၂၀% မှ ၃၀% ကြား ပိုမိုသက်သာပါသည်။ ထို့ပြင် ပေ ၂၀ ကုန် သေတ္တာတစ်လုံးလျှင် ယခင်က အလုံးရေ ၁၄,၀၀၀ သာ ထည့်သွင်းနိုင်ခဲ့ရာမှ ယခုအခါ အလုံးရေ ၂၄,၀၀၀ ထည့်သွင်းနိုင်ကာ၊ ပြုပြင်ထုတ်လုပ်သယ်ဆောင်သည့်စရိတ်များကို သက်သာစေကြောင်းနှင့် ပုံသဏ္ဌာန်အသစ်၏ အားနည်းချက်မှာ ပုံးသေတ္တာထဲတွင် ထည့်ထားလျှင် အလွယ်တကူပျက်စီးနိုင်ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Tridge
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

.........................................................................................

## အိန္ဒိယစားသုံးသူရေးရာဌာနက တင်သွင်းလာသော ပဲစဉ်းငုံများအတွက် ပုံသေဈေးနှုန်းများကို အောက်တိုဘာလ ၁၈ ရက်နေ့မှ စတင်သတ်မှတ်လိုက်ပြီဖြစ်

အိန္ဒိယအစိုးရ၊ စားသုံးသူရေးရာဦးစီးဌာနသည် ပြည်ပမှ တင်သွင်းလာသော ပဲစဉ်းငုံများ အားလုံးအတွက် ပုံသေအခြေခံဈေးနှုန်းကို သတ်မှတ်လိုက်ပြီး၊ ၎င်းမှာ ၂၀၂၂ ခုနှစ်၊ အောက်တို ဘာလ ၁၈ ရက်မှ စတင်အသက်ဝင်ပြီ ဖြစ်ပါသည်။ အာဖရိကပင်ရင်းဖြစ်သော ပဲစဉ်းငုံများ အတွက် အခြေခံဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၂၆.၂၀ ဒေါ်လာဖြစ်ကာ မာလာဝီ၊ မိုဇမ်ဘစ်နှင့် တန်ဇန်းနီးယားနိုင်ငံတို့အပေါ် ကျင့်သုံးမည်ဖြစ်ပါသည်။ အာဖရိက ပြင်ပနိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံကဲ့သို့နိုင်ငံများ၌ တင်သွင်းလာသည့်အပေါ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၈၆၅.၇၀ ဒေါ်လာ သတ်မှတ်ထားကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Tridge
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

Agribusiness & Trade

## တရုတ်နိုင်ငံ၏ အစားအသောက် လုပ်ငန်းအချို့တွင် အစားအသောက် ဘေးကင်းရေး အရာရှိများ ကို ခန့်အပ်ရန် လိုအပ်ချက်နိုးဆော်

တရုတ်နိုင်ငံတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်မှ စတင်၍ အစားအသောက် ထုတ်လုပ်ခြင်းနှင့် ကိုင်တွယ်ခြင်းအဆင့်များ ပါဝင်သည့် အစားအသောက်လုပ်ငန်းများသည် ၎င်းတို့၏ အတိုင်းအတာနှင့် အန္တရာယ်အဆင့်များနှင့်အညီ အစားအသောက်ဘေးကင်းရေး စီမံခန့်ခွဲမှုဝန်ထမ်းများကို ခန့်အပ်ရမည်ဖြစ်ကြောင်းနှင့် အဓိကတာဝန်ရှိပုဂ္ဂိုလ်များ၏ တာဝန်များကို ရှင်းလင်းပြတ်သားစွာ ဆောင်ရွက်ရန်ဖြစ်ကြောင်း နိုးဆော်ထားပါသည်။

ရင်းမြစ် [Food Enterprises Required to Employ Food Safety Officers from November | HKTDC Research]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……………………………………………………………

## တရုတ်နိုင်ငံ၏ ဆေးဝါး အီး-မှတ်ပုံတင်လက်မှတ်များကို နိုဝင်ဘာလမှ စတင်ထုတ်ပေးမည်ဖြစ်

တရုတ်နိုင်ငံ၊ အမျိုးသားဆေးဘက်ဆိုင်ရာထုတ်ကုန်များစီမံခန့်ခွဲရေးအဖွဲ့ National Medical Products Administration သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစတင်၍ ဆေးဝါးများအတွက် အီးမှတ်ပုံတင်လက်မှတ်များ E-Registration ကို စတင်ထုတ်ပေးမည်ဖြစ်ကြောင်း ၎င်းတို့တွင် ဆေးဘက်ဆိုင်ရာ စမ်းသပ်ခွင့်ပြုချက် လက်မှတ်များ၊ ဈေးကွက်ရှာဖွေရေးခွင့်ပြုချက်လက်မှတ်များ၊ ပြန်လည်မှတ်ပုံတင်ခြင်း လက်မှတ်များ၊ ဖြည့်စွက်လျှောက်လွှာတင် ခွင့်ပြုချက်လက်မှတ်များ၊ တရုတ်တိုင်းရင်းဆေး အကာအကွယ်လက်မှတ်များနှင့် တင်သွင်းကုန်ကြမ်း ပါဝင်ပစ္စည်းများနှင့် ဓာတုကုန်ကြမ်းများ ပါဝင်ကြောင်းနှင့် သက်သေခံလက်မှတ်များကို အွန်လိုင်းတွင် စစ်ဆေးနိုင်ကြောင်း သိရှိရပါသည်။

ရင်းမြစ် [China to Start Issuing E-Registration Certificates for Drugs from November | HKTDC Research]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……………………………………………………………

## တရုတ်နိုင်ငံ၏ အစားအသောက် အရည်အသွေးနှင့် ဘေးကင်းရေးဆိုင်ရာ စည်းမျဉ်းများ ၂၀၂၃ ခုနှစ် မတ်လတွင် စတင်အသက်ဝင်မည်

တရုတ်နိုင်ငံ၊ နိုင်ငံတော်ဈေးကွက်အုပ်ချုပ်ရေး State Administration for Market Regulation ၏ အစားအသောက်နှင့် ယင်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ကြားဖြတ်အစီအမံအသစ်များသည် (၁-၃-၂၀၂၃) ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း အဆိုပါစည်းမျဉ်းသစ်သည် စားသောက်ကုန်ဘေးကင်းရေးနှင့် စပ်လျဉ်းသည့်လုပ်ငန်းများ၏ တာဝန်ဝတ္တရားများကို ကျေပွန်စေရန်ရည်ရွယ်ပြီး၊ အစားအသောက်အရည်အသွေးနှင့် ဘေးကင်းလုံခြုံရေးကို ကြီးကြပ်ကွပ်ကဲပြီး ပြည်သူ့ကျန်းမာရေးကို အကာအကွယ်ပေးရန် ရည်ရွယ်ဆောင်ရွက်ကြောင်း သိရှိရပါသည်။

ရင်းမြစ် research.hktdc.com/en/article/MTIwMzU4NDI5OQ
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

..............................................................

## တရုတ်နိုင်ငံ၏ CCC စီမံခန့်ခွဲမှုတွင် အီလက်ထရွန်နစ်နှင့် လျှပ်စစ်ထုတ်ကုန် အမျိုးအစားကိုးမျိုး မပါဝင်တော့ကြောင်းထုတ်ပြန်

တရုတ်နိုင်ငံ၊ နိုင်ငံတော်ဈေးကွက်အုပ်ချုပ်ရေး State Administration for Market Regulation ၏ မကြာသေးမီ ထုတ်ပြန်ကြေညာချက်အရ အီလက်ထရွန်နစ်နှင့် ဘေးအန္တရာယ်အဆင့်နိမ့်ပါးပြီး စိတ်ချရသောနည်းပညာများပါရှိသည့် အီလက်ထရွန်းနစ်နှင့် လျှပ်စစ်ထုတ်ကုန်အမျိုးအစားကိုးမျိုးသည် တရုတ်နိုင်ငံ၏ မဖြစ်မနေရယူရန် လိုအပ်သော အသိအမှတ်ပြုလက်မှတ် China Compulsory Certification-CCC မလိုအပ်တော့ကြောင်း ကြေညာခဲ့ပြီး ယခင်လိုအပ်ချက်အရ သတ်မှတ်ထားသော အသိအမှတ်ပြုအဖွဲ့အစည်းများနှင့် ဓာတ်ခွဲခန်းများ၏ အတိုင်းအတာကို အလိုက်သင့် လျှော့ချမည်ဖြစ်ပါသည်။

ရင်းမြစ် research.hktdc.com/en/article/MTIwMzU4Nzk5MA
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

..............................................................

## တရုတ်နိုင်ငံ၏ ဉာဏပစ္စည်းမူပိုင်ခွင့် တရားစီရင်ရေးဆိုင်ရာ အကာအကွယ်တိုးမြှင့်

တရုတ်နိုင်ငံ၏ တရားရေးအေဂျင်စီများသည် သိပ္ပံနှင့်နည်းပညာတွင် မိမိကိုယ်ကိုယ်အားကိုးမှုနှင့် နိုင်ငံအတွက် ပံ့ပိုးမှုတွန်းအားရရှိရန်အတွက် ဉာဏပစ္စည်းမူပိုင်ခွင့် (IPR) ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြီးတန်းတရားသူကြီးတစ်ဦးက (၁၉-၁၀-၂၂) ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

ကြီးမားသောဒေတာ၊ ဉာဏ်ရည်တုနှင့် မျိုးရိုးဗီဇနည်းပညာများကဲ့သို့သော ကဏ္ဍများတွင် ဉာဏပစ္စည်းမူပိုင်ခွင့် ကာကွယ်ရန် ကျိုးကြောင်းဆီလျော်၍ ယုတ္တိတန်သော စည်းမျဉ်းစည်းကမ်းများကို မိတ်ဆက်မည်ဖြစ်ပြီး လက်ဝါးကြီးအုပ်မှုနှင့် တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုကိုဆန့်ကျင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ဆောင်ချက်များကို မြှင့်တင်သွားမည်ဖြစ်ကြောင်း မတည်အရင်းအနှီး ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းညှိရန်နှင့် လမ်းညွှန်နိုင်ရန် ပိုမိုကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း တရုတ်နိုင်ငံသည် ဉာဏပစ္စည်းမူပိုင်ခွင့် တရားစီရင်ရေးဆိုင်ရာ အကာအကွယ်ပေးရေးတွင် ထင်ရှားသောတိုးတက်မှုကို ရရှိခဲ့ကြောင်း ၂၀၁၃ ခုနှစ်မှစတင်၍ ပထမအကြိမ်တွင် ပိတ်သိမ်းခဲ့သည့် ဉာဏပစ္စည်းမူပိုင်ခွင့် တရားစွဲမှုအရေအတွက်သည် စုစုပေါင်း ၂.၇၄ သန်းရှိပြီး နှစ်စဉ်ပျမ်းမျှ ၂၄.၅ ရာခိုင်နှုန်းတိုးလာကြောင်း ပြည်သူ့တရားရုံးချုပ် ဒုတိယဥက္ကဋ္ဌက တရုတ်နိုင်ငံကွန်မြူနစ်ပါတီ၏ ၂၀ ကြိမ်မြောက် အမျိုးသားကွန်ဂရက်ညီလာခံကျင်းပစဉ် ဆောင်ရွက်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဉာဏပစ္စည်းမူပိုင်ခွင့် နှင့်ပတ်သက်သည့်တရားစွဲဆိုမှုများတွင် အမှုအခင်းများမှာ မူပိုင်ခွင့်များ၊ ကုန်အမှတ်တံဆိပ်များ၊ မူပိုင်ခွင့်များ၊ စီးပွားရေးလုပ်ငန်း လျှို့ဝှက်ချက်များ၊ ပေါင်းစပ်ပတ်လမ်းဒီဇိုင်းများ၊ အပင်မျိုးစိတ်အသစ်များ၊ ဒေသန္တရထုတ်ကုန်များ GI products၊ လက်ဝါးကြီးအုပ်မှုနှင့် တရားမျှတမှုမရှိသော ပြိုင်ဆိုင်မှုတို့ပါဝင်သော ကဏ္ဍများစွာကို လွှမ်းခြုံထားကြောင်း စားသုံးသူအခွင့်အရေးနှင့် အလုပ်အကိုင်ပုံစံသစ်ရရှိသူများ၏ အခွင့်အရေးများကို ပိုမိုကောင်းမွန်စွာကာကွယ်ထားပါကြောင်း ပြည်သူ့တရားရုံးချုပ် လက်အောက်ရှိ ဉာဏပစ္စည်းမူပိုင်ခွင့်အထူးပြု တရားရုံး(၄)ခုကို ဘေဂျင်း၊ ရှန်ဟိုင်း၊ ကွမ်ကျိုးနှင့် ဟိုင်နန် လွတ်လပ်သောကုန်သွယ်မှုဆိပ်ကမ်းတို့တွင်တည်ရှိပြီး ယင်းတို့သည် နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုတွင် ဉာဏပစ္စည်းမူပိုင်ခွင့် အမှုအခင်းဖြေရှင်းရေးတွင် အဆင်ပြေချောမွေ့စေကြောင်း နိုင်ငံခြားကုမ္ပဏီများသည် တရုတ်နိုင်ငံတွင် တန်းတူညီမျှ တရားဥပဒေဆိုင်ရာ အကာအကွယ်များ ရရှိစေရေးအတွက် အမြဲတစေကြိုးပမ်းမှုများနှင့်အတူ နိုင်ငံခြားကုမ္ပဏီများသည် ၎င်းတို့၏ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အငြင်းပွား

Agribusiness & Trade

မှုများကို တရုတ်တရားရုံးများတွင် ပြေလည်အောင် ဖြေရှင်းပေးခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

ရင်းမြစ် yunnangateway.com/html/2022/news_1021/26469.html

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

.......................................................................

## တရုတ်နိုင်ငံသည် တန်ဖိုး-မြင့်တင်ထုတ်လုပ်မှုတွင် ကမ္ဘာလုံးဆိုင်ရာ ပထမအဆင့်ဖြစ်

တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုသည် လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း လျင်မြန်စွာတိုးတက်လာခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ခံနိုင်ရည်ရှိမှုနှင့်အတူ စက်မှုလုပ်ငန်းစုများနှင့် ထောက်ပံ့ရေးကွင်းဆက်များ ဖွံ့ဖြိုးလာခဲ့ကြောင်း ဘေဂျင်းရှိ Yizhuang တွင် တည်ထောင်ထားသော စက်ရုပ်စနစ်များ ထုတ်လုပ်ခြင်းနှင့် အမှားပြင်ဆင်ခြင်းဆိုင်ရာ အလုပ်ရုံတွင် စက်ရုပ်များသည် ဖမ်းယူခြင်း၊ သယ်ဆောင်ခြင်း၊ ဂဟေဆော်ခြင်း၊ ကြိတ်ခြင်း၊ ကော်အုပ်ခြင်းစသည့် ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးကို အလိုအလျောက်အပြီးသတ် ဆောင်ရွက်နိုင်နေပြီးဖြစ်ကြောင်း ကုန်ထုတ်လုပ်မှုသည် နိုင်ငံတော်စီးပွားရေး၏ အသက်သွေးကြောဖြစ်ပြီး စစ်မှန်သောစီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ရာ ပြီးခဲ့သည့် ဆယ်နှစ်အတွင်း စက်ရုပ်များထုတ်လုပ်ရေးတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခြင်းကြောင့် တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းသုံး စက်ရုပ်များထုတ်လုပ်မှု မြင့်တက်လာခဲ့ကြောင်း တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် စက်မှုလုပ်ငန်းသုံး စက်ရုပ်အလုံးရေ ၃၆၆,၀၀၀ ကို ထုတ်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်ထက် ၁၀ ဆတိုးလာကြောင်း ကမ္ဘာ့အကြီးဆုံးဈေးကွက်အဖြစ် ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း ထို့အပြင် တရုတ်နိုင်ငံ၏ အဆင့်မြင့် စက်ကိရိယာများ ထုတ်လုပ်ရေးလုပ်ငန်းသည်လည်း လျင်မြန်စွာတိုးတက်လာကြောင်း မြေအောက်ရထားများ၊ အဝေးပြေးလမ်းများနှင့် ခက်ခဲသောမြေပြင် ကိုဖြတ်ကျော်တည်ဆောက်သည့် မြေအောက်ရထားလမ်းများနှင့် ဥမင်လှိုဏ် ခေါင်းကြီးများတည်ဆောက်သော ဒိုင်းလွှားစက်ကြီးများမှာ ကမ္ဘာ့ဈေးကွက်၏ သုံးပုံနှစ်ပုံခန့်ရှိပါကြောင်း တစ်နာရီ ကီလိုမီတာ ၃၅၀ နှုန်းရှိသော Fuxing အမြန်ရထားသည် တရုတ်ကုန်ထုတ်လုပ်ငန်း၏ ထင်ရှားသောကိုယ်စားပြုတစ်ခုဖြစ်လာကြောင်း လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုတန်ဖိုးသည် ယွမ် ၁၆.၉၈ ထရီလျံမှ ယွမ် ၃၁.၄ ထရီလီယံအထိ တိုးလာခဲ့ပြီး ကမ္ဘာ့ဈေးကွက်၏ ၃၀ ရာခိုင်နှုန်းနီးပါးနှင့် ထိပ်တန်းအဆင့်ရှိကြောင်း အဓိကစက်မှု ုတ်ကုန် ၅၀၀ တွင် တရုတ်နိုင်ငံ၏ ထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းကျော်ရှိပြီး ကမ္ဘာ့တစ်ဝှမ်းတွင် နံပါတ် (၁) နေရာတွင်ရှိနေပြီး ပြည်

တွင်းကုန်ထုတ်လုပ်မှု၏ အလုံးစုံစွမ်းအားမှာ သိသိသာသာတိုးတက်လာကြောင်း ညွှန်ပြနေကြောင်း ဖော်ပြထားပါသည်။

ရင်းမြစ် english.yunnangateway.com/html/2022/news_1020/26452.html
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

………………………………………………………………………

## တရုတ်နိုင်ငံ၏ အစားအသောက်ပေးပို့သော အော်ပရေတာများက စားသုံးသူများအကြောင်း ပိုမိုသိရှိ

တရုတ်နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးသည် မကြာသေးမီနှစ်များအတွင်း ဆက်လက်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စားသောက်ဆိုင်များသည် ဒစ်ဂျစ်တယ်ပလပ်ဖောင်းများမှ တစ်ဆင့်အစားအသောက်ပေးပို့ခြင်းဝန်ဆောင်မှုများကို စတင်ခဲ့ကြကြောင်း အစားအသောက်ပေးပို့သောဈေးကွက်သည် ယွမ် ဘီလီယံ ၆၅၀ ကျော် တန်ဖိုးရှိကြောင်း ဥပမာအနေဖြင့် တရုတ်နိုင်ငံ၏ အစားအသောက်ပေးပို့သော ထိပ်တန်းပလက်ဖေါင်းတစ်ခုဖြစ်သော Meituan ကို ဥပမာထားကြည့်ပါက တစ်ရက်အတွင်း အမှာစာအရေအတွက်သည် ၂၀၂၀ ခုနှစ်အစောပိုင်းတွင်ပင် ယွမ်သန်း ၄၀ ကျော် ကျော်လွန်သွားခဲ့ပါကြောင်း အစားအသောက်နှင့် အဖျော်ယမကာ လုပ်ငန်းများတွင် ဒစ်ဂျစ်တယ်ပလပ်ဖောင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းသည် အစားအသောက်ပေးပို့သောဝန်ဆောင်မှုများ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို မြှင့်တင်ပေးကာ အစားအသောက်ပေးပို့သော ကျွမ်းကျင်ပညာရှင် လိုအပ်ချက်ကို သိသိသာသာတိုးလာစေပါကြောင်း ရလဒ်အနေဖြင့် အစားအသောက်ပေးပို့သော အော်ပရေတာ အသက်မွေးဝမ်းကြောင်း လုပ်ငန်းအသစ်တစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ကြောင်း အသက် ၂၃ နှစ်အရွယ် Xing Ziyan သည် အွန်လိုင်းမီနူးများစတင်ရောင်းချရန်နှင့် အရောင်းမြှင့်တင်ရန်အတွက် ကွမ်ကျိုးရှိ CBD ခရိုင်အတွင်း နေ့စဉ်သယ်ယူပို့ဆောင်နေသည့် အော်ပရေတာတစ်ဦးဖြစ်ကြောင်း " အစားအသောက်ပေးပို့သော ယူဆောင်သွားသည့် အော်ပရေတာအနေဖြင့် အစားအသောက် ပါဝင်ပစ္စည်းများ၊ ထုပ်ပိုးမှုနှင့် ဝန်ဆောင်မှုဆိုင်ရာ သဘောထားများအပါအဝင် စားသောက်ဆိုင်များနှင့် မှာယူမှုများ၏ အသေးစိတ်အချက်အလက်များကို စောင့်ကြည့်ရမည်" ဟု Xing Ziyan မှ ပြောကြားခဲ့ပြီး မည်သည့်အမှားအယွင်းမဆို အရောင်းအဝယ်အပေါ် တိုက်ရိုက်သက်ရောက်မှု ရှိလာမည်ဖြစ်ကြောင်း စွမ်းဆောင်ရည်ညံ့ဖျင်းသော စီးပွားရေးလုပ်ငန်းများအတွက်၊ ပန်းကန်များကို ပြန်လည်ဒီဇိုင်းဆွဲခြင်း၊ စားသောက်ဆိုင်များကို ပြန်လည်အလှဆင်ခြင်း၊ ပရိုမိုးရှင်းကို အကောင်းဆုံးဖြစ်အောင်လုပ်ပြီး

ဖောက်သည်တုံ့ပြန်ချက်အပေါ် အခြေခံ၍ အချိန်နှင့်တစ်ပြေးညီ ချိန်ညှိမှုပြုလုပ်ရန်ပင် ကူညီပေးသင့်ကြောင်း အစားအသောက်ပေးပို့သော အော်ပရေတာများ ပေါ်ပေါက်လာခြင်းသည် အစားအသောက်ပေးပို့သောလုပ်ငန်းများကို တဖြည်းဖြည်း ကျွမ်းကျင်လာစေရန်၊ တက်ကြွသောဝန်ဆောင်မှုကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးခြင်းကို ညွှန်ပြကြောင်း အလုပ်အကိုင် စုဆောင်းရေး ပလက်ဖောင်းများမှ အချက်အလက်များအရ ဘေဂျင်း၊ ရှန်ဟိုင်း၊ ကွမ်ကျိုးနှင့် ရှန်ကျန်းစသည့် ပထမအဆင့်မြို့ကြီးများတွင် ခေါ်ယူသွားသော အစားအသောက်ပေးပို့သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အလုပ်အကိုင်များသည် ဝယ်လိုအားမြင့်မားနေကြောင်း ပြသနေခဲ့ကြောင်း အစားအသောက်ပေးပို့သော အော်ပရေတာတစ်ခုသည် အများအားဖြင့် တစ်လလျှင် တရုတ်ငွေ ယွမ် ၁၀,၀၀၀ ရရှိကြောင်း ကောလိပ်ဘွဲ့ရများ၊ အမှုထမ်းဟောင်းများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ မသန်စွမ်းသူများနှင့် အခြားအလုပ် အင်အားစုများသည် ဤလုပ်ငန်းသစ်သို့ ဝင်ရောက်လာနေကြကြောင်း သိရှိရပါသည်။

ရင်းမြစ်–english.yunnangateway.com/html/2022/news_1020/26454.html

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

## အီးယူဒေသတွင်း စွမ်းအင်ကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း

အီးယူကော်မရှင်က စွမ်းအင်ဆိုင်ရာစီမံချက်မူကြမ်းတစ်ရပ်(Blueprint) ကို ရေးဆွဲချမှတ်ပြီး ဥရောပခေါင်းဆောင်များပါဝင်သည့် ထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကို ၂၀.၁၀.၂၀၂၂ ရက်နေ့က ဘရပ်ဆဲလ်မြို့တွင်ကျင်းပ၍ စွမ်းအင်စျေးနှုန်း မြင့်တက်မှုများအတွက် အမျိုးမျိုးအဖြေရှာ ဆွေးနွေးခဲ့ကြပါသည်။ စီမံချက်မူကြမ်းတွင် တင်ပြမှုတစ်ခုမှာ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအတွက် စွမ်းအင်စျေးနှုန်း မြင့်တက်မှုအခက်အခဲများမှ လျော့ပါးသက်သာမှုရစေမည့်အစီအစဉ်တစ်ခုအနေဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေများထဲမှ ယူရို (၄၀) ဘီလီယံထောက်ပံ့ပေးရန်ဖြစ်ပါသည်။ ထို့ပြင် အီးယူအဖွဲ့ဝင်(၂၇)နိုင်ငံစုပေါင်း၍ ဓါတ်ငွေ့များပူးပေါင်းဝယ်ယူကြပြီး ပိုမိုကောင်းမွန်သော စျေးနှုန်းများရရှိနိုင်စေရန် ဆောင်ရွက်ကြရန်၊ Liquefied Natural Gas(LNG) တည်ဆောက်ကြပြီး စျေးနှုန်းတည်ငြိမ်သော LNG စျေးကွက်တစ်ခုဖြစ်ပေါ်လာရန်လည်း ထည့်သွင်းဖော်ပြထားပါသည်။ ကော်မရှင်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ကွဲပြားခြားနားမှုများ မဖြစ်ပေါ်စေရန် ဓါတ်ငွေ့စျေးနှုန်းသတ်မှတ်ခြင်း(price cap)ကို တင်ပြခဲ့ခြင်းမရှိပါ။

Agribusiness & Trade

အီးယူကော်မရှင်ဥက္ကဋ္ဌ Ms.Ursula von der Leyen က ဥရောပဒေသ၏ စွမ်းအင်လိုအပ်ချက်မှာ ကြီးမားကြောင်း၊ အဖွဲ့ဝင်နိုင်ငံများနှင့်၎င်းတို့၏စွမ်းအင်ကုမ္ပဏီများ၏ ပူးပေါင်းဝယ်ယူနိုင်မှုစွမ်းအား(joint purchasing power )ကို မြှင့်တင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။ အီးယူအဖွဲ့ဝင်နိုင်ငံများအကြား စွမ်းအင်အခက်အခဲနှင့် ပတ်သက်၍ ဖြေရှင်းသတ်မှတ်သည့် နည်းလမ်းများအပေါ် သဘောထားများ အမျိုးမျိုးရှိနေကြပြီး ကော်မရှင်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား Supply side အခက်အခဲကို ပြေလည်ချောမွေ့လာစေမည့် စည်းမျဉ်းများချမှတ်ရန်လည်း ဆန္ဒရှိပါသည်။ အီးယူအနေဖြင့် စီစဉ်ဆောင်ရွက်နေမှုများအရ ဈေးနှုန်းလက်ဝါးကြီးအုပ်ခြင်းများကို ကာကွယ်နိုင်ပြီး ဈေးကွက်အတွင်း ပိုမိုပွင့်လင်းမြင်သာမှုနှင့် တည်ငြိမ်မှုရရှိစေပြီး သင့်တင့်မျှတသော ဈေးနှုန်းနှင့်ဓါတ်ငွေ့များရရှိနိုင်ရန် ရည်ရွယ်ထားရှိပါသည်။

**ဘရပ်ဆဲလ်**မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂)ရက်ကြာ ထိပ်သီးဆွေးနွေးပွဲသည် (၂)ပတ်အတွင်း အီးယူအဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များ ဒုတိယအကြိမ်တွေ့ဆုံခြင်းဖြစ်ပါသည်။ ဆွေးနွေးပွဲတွင် နိုင်ငံခေါင်းဆောင်အများစုအနေဖြင့် စီမံချက်မူကြမ်း**ပါ**ချက်များကို ယေဘူယျအားဖြင့် သဘောတူညီမှု ရှိကြပြီး **ဓါတ်**ငွေ့ဈေးနှုန်းသတ်မှတ်ရန် ဆွေးနွေးမှုများအပေါ် အဖွဲ့ဝင်နိုင်ငံများအကြား သဘောထားများ ကွဲပြားနေကြပြီး အတည်ပြုသဘောတူညီချက် မရရှိနိုင်ကြသေးဘဲ ဆက်လက်ညှိနှိုင်းရန် ရှိနေပါသည်။

Source: https://www.dw.com/en/eu-presents-blueprint-for-tackling-soaring-energy-costs/a-63480816 https://www.dw.com/en/eu-leaders-focus-on-war-and-energy-markets-at-summit/a-63509691

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

……………………………………………………………

## ဂျာမန်လွှတ်တော်က စွမ်းအင်ဆိုင်ရာထောက်ပံ့မှုအစီအစဉ်ကို အတည်ပြုခြင်း

ဂျာမန်လွှတ်တော်က စွမ်းအင်ကဏ္ဍအခက်အခဲများကို ဖြေရှင်းနိုင်ရန် ယူရို(၂၀၀) ဘီလီယံ (အမေရိကန်ဒေါ်လာ(၁၉၅)ဘီလီယံ) ထောက်ပံ့မှုအစီအစဉ် (energy relief plan )ကို ၂၁.၁၀.၂၀၂၂ ရက်နေ့က အတည်ပြုပေးလိုက်ပါသည်။ ဖက်ဒရယ်အစိုးရအနေဖြင့် လက်ရှိအိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများ ကြုံတွေ့နေရသော စွမ်းအင်ဈေးနှုန်းမြင့်တက်လာမှု အကျပ်အတည်းကို ဖြေရှင်းနိုင်စေရန် ရည်ရွယ်ပြီး ၂၀၂၄ ခုနှစ်အထိ ထောက်ပံ့မှုအစီအစဉ်ကို ဆောင်ရွက်

သွားရန် စီစဉ်ထားရှိပါသည်။ ထောက်ပံ့မှုအစီအစဉ်အပေါ် အခြားအီးယူအဖွဲ့ဝင်နိုင်ငံများ၏ ဝေဖန်မှုများလည်း မြင့်တက်ခဲ့ပါသည်။

အဆိုပါထောက်ပံ့မှုအစီအစဉ်အရ ကုမ္ပဏီကြီးများအတွက် ဈေးနှုန်းသတ်မှတ်ခြင်း (price cap) အစီအစဉ်ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ စတင်သက်ရောက်မှုရှိမည်ဖြစ်ပြီး၊ အိမ်ထောင်စုများအနေဖြင့် ၂၀၂၃ ခုနှစ်မတ်လမှစတင်၍ ပုံမှန်စွမ်းအင်သုံးစွဲမှုများအပေါ် သတ်မှတ်ဈေးနှုန်းဖြင့်ကျသင့်တန်ဘိုး၏ (၈၀)ရာခိုင်နှုန်းကို လျှော့ပေါ့သက်သာခွင့် ရရှိမည်ဖြစ်ပါသည်။

ဂျာမန်ဖက်ဒရယ်အစိုးရအတွက် ဓါတ်ငွေ့ဈေးနှုန်းသတ်မှတ်ခြင်းအပေါ် ထောက်ပံ့မှုပေးခြင်းမှာ ဖွဲ့စည်းပုံအရ ထိန်းသိမ်းကာကွယ်ရမည့်ဥပဒေ(enshrined law ) နှင့် ငြိစွန်းမှုရှိခြင်းကြောင့် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ရှိနေခဲ့ပြီး ဂျာမန်ဥပဒေရေးဆွဲပြုပြင်သူများ(Law makers) က ထောက်ပံ့မှုအစီအစဉ်ကို အတည်ပြုခွင့်ပြုပေးရန် မဲဆန္ဒပေးတောင်းဆိုခဲ့ခြင်းကြောင့် လွှတ်တော်က ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် ၂၀၀၉ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းကာလပြီး နောက်ပိုင်းတွင် အစိုးရ၏ အသားတင်ထုတ်ချေးငွေသည် ဂျီဒီပီ၏ ၀.၃၅ ရာခိုင်နှုန်းရှိရန် ကန့်သတ်ထားရှိပြီး ဂျာမန်အခြေခံ ဥပဒေအရ နိုင်ငံတွင်းသဘာဝဘေးအန္တရာယ်ကြုံတွေ့ရခြင်း သို့မဟုတ် ဘဏ္ဍာရေးကဏ္ဍကို ထိခိုက်လာစေသည့်အရေးပေါ်အခြေအနေမျိုးတွင်သာ ချေးငွေထောက်ပံ့မှုအစီအစဉ်များကို ပြုလုပ်နိုင်ရန် ဖော်ပြသတ်မှတ်ထားပါသည်။ ဂျာမန်လွှတ်တော်အနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ ကူးစက်မှုဖြစ်ပွားသည့်ကာလများမှစ၍ ချေးငွေထောက်ပံ့မှုအစီအစဉ်များကို ပြုလုပ်ပေးခဲ့ပြီး ဖွဲ့စည်းပုံဆိုင်ရာကြွေးမြီကန့်သတ်ချက်ထားရှိမှုကို ခေတ္တရပ်ဆိုင်းထားခြင်းများ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ရကြောင်း သိရှိရပါသည်။

Source: [https://www.dw.com/en/german-parliament-approves-200-billion-energy-relief-plan/a-63517489](https://www.dw.com/en/german-parliament-approves-200-billion-energy-relief-plan/a-63517489)

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

.............................................................................

## ဂျာမနီနိုင်ငံရှိ စားသောက်ကုန်လုပ်ငန်းများ အခြေအနေ

ဂျာမနီနိုင်ငံရှိ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် အာလူးထုတ်လုပ်သူများအသင်း (Federal Association of Fruit, Vegetable and Potato Processors -BOGK)သည် အဖွဲ့ဝင်ကုမ္ပဏီများနှင့် သက်ဆိုင်ရာကဏ္ဍများကိုကိုယ်စားပြု၍ မူဝါဒ၊ ဈေးကွက်၊ ကုန်ကြမ်းရရှိမှု၊

ထောက်ပံ့ပို့ဆောင်မှု အစရှိသည်တို့အတွက် လိုအပ်သည်များပံ့ပိုးဆောင်ရွက်ပေးနေသော အဖွဲ့ အစည်းဖြစ်ပါသည်။ အာလူး စိုက်ပျိုးထုတ်လုပ်မှုပိုင်းတွင် ကုန်ကြမ်းအပါအဝင် အခြားထောက်ပံ့ ပို့ဆောင်မှုနှင့် စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာမှုများအတွက် အသင်း၏ Managing Director ဖြစ်သူ Mr.Horst-Peter Karos က စိုက်ပျိုးရေးဆိုင်ရာထုတ်ကုန်ပစ္စည်းများသည် စွမ်းအင်ဈေး နှုန်းများနှင့်အတူ ခါတ်မြေဩဇာ၊ ပိုးသတ်ဆေး ဈေးနှုန်းများလည်း များစွာမြင့်တက်လာနေ ကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် အခက်အခဲများကြောင့်လည်း စိန်ခေါ်မှုတစ်ရပ်နှင့် တွေ့ကြုံ နေရကြောင်း၊ ကုမ္ပဏီများအနေဖြင့် စားသောက်ကုန်များနှင့် အာလူးကုန်ချောများ ထုတ်လုပ်နိုင် မှုနှင့် စားသုံးသူများအတွက် အာမခံချက်ပေးနိုင်မှုတို့သည်လည်း မေးခွန်းထုတ်စရာဖြစ်လာ ကြောင်း ပြောကြားခဲ့ပါသည်။

စားသောက်ကုန်ထုတ်လုပ်ရာတွင် လိုအပ်သော ထုပ်ပိုးမှုစရိတ်များနှင့် နေကြာဆီကဲ့သို့ ကုန်ကြမ်းပစ္စည်းဈေးနှုန်းများ မြင့်တက်လာနေပြီး စိုက်ပျိုးရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း များတွင် လုပ်ကိုင်နေသော ယူကရိန်းနိုင်ငံမှ အလုပ်သမားများနှင့် ကားမောင်းသူများကို ရုရှား- ယူကရိန်း ပဋိပက္ခဖြစ်ပွားမှုတွင် ဆုံးရှုံးရခြင်းများလည်း ရှိခဲ့ပါသည်။ BOGK အနေဖြင့် အာလူး ထုတ်လုပ်မှုလုပ်ငန်းအတွက် ၂၀၂၂ ခုနှစ်နောက်ပိုင်းတွင်လည်း စိန်ခေါ်မှုများနှင့် ဆက်လက်တွေ့ ကြုံရနိုင်ကြောင်း၊ လက်လီရောင်းဝယ်သူများနှင့် စာချုပ်ချုပ်ဆိုမှုများ အပြီးသတ်ပြုလုပ်နိုင်ရေး အတွက် ပိုမိုပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်ကျစရိတ်များ ပြန်လည်တွက်ချက်ခြင်းတို့ လိုအပ် ကြောင်း ခန့်မှန်းထားရှိပါသည်။

Source: https://www.bogk.org/

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး

ဘာလင်

…………………………………………………………………………………………………